# ကချင်လွတ်မြောက်ရေးအဖွဲ့ (ကေအိုင်အို) /ကချင်လွတ်မြောက်ရေးတပ်မတော် (ကေအိုင်အေ) နှင့် ဦးသိန်းစိန်အစိုးရတို့ တွေ့ဆုံဆွေးနွေးမည့်အပေါ် သဘောထားထုတ်ပြန်ကြေညာချက်

ကချင်အမျိုးသားထုအနေဖြင့် ယခင်မြန်မာအစိုးရအဆက်ဆက်နှင့် အပစ်အခတ်ရပ်စဲထားသည့်ကာလ (၁၇) နှစ်အတွင်း နိုင်ငံရေး အရပါဝင်လှုပ်ရှားနိုင်ရန် အကြိမ်ကြိမ်ကြိုးပမ်းခဲ့သည်။ သို့သော်လည်း မိမိတို့မှ ယခင်အစိုးရများနှင့်သော်လည်းကောင်း၊ လက်ရှိ ဦးသိန်းစိန်အစိုးရနှင့်သော်လည်းကောင်း ဤနိုင်ငံရေးတွေ့ဆုံဆွေးနွေးခွင့်ကို မရရှိခဲ့သေးပါ။

ယခုကာလတွင် အစိုးရစစ်တပ်မှ အင်အားအလွန်အကျွံသုံး၍ ထိုးစစ်ဆင်တိုက်ခိုက်မှုများနှင့် ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် ကချင်ပြည်သူလူထုတို့သည် ကြောက်ရွံ့ထိတ်လန့်စွာ နေထိုင်နေကြရသည်။ ၂၀၁၁ ခုနှစ် ဇွန်လ (၉) ရက် နေ့မှစတင်၍ အစိုးရတပ်များမှ ကေအိုင်အေအပေါ် ထိုးစစ်ဆင်မှုများကြောင့် ဒေသခံပြည်သူ (၆) သောင်းကျော်မှ ထွက်ပြေး တိမ်းရှောင်နေကြရသည်။ ထို့အပြင် မြန်မာအစိုးရမှ လူသားချင်းစာနာထောက်ထားသော အကူအညီပေးသည့် အဖွဲ့အစည်းများ အပေါ် တားဆီးပိတ်ပင်မှုများကြောင့် လုံလောက်သော အကူအညီမရရှိဘဲ ဆိုးရွားသော အခြေအနေနှင့် ရင်ဆိုင်နေရသည်။

ထို့ကြောင့် ကချင်နှင့် အခြားတိုင်းရင်းသားဒေသများ၌ အစိုးရတပ်မှ ထိုးစစ်ဆင်တိုက်ခိုက်မှုများကို တပြိုင်နက်တည်း ချက်ချင်း ရပ်တန့်ပြီး တိုင်းရင်းသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ကို ဖော်ဆောင်မည့် နိုင်ငံရေးအနှစ်သာရရှိသော တွေ့ဆုံဆွေးနွေး ပွဲများကို တိုင်းရင်းသားအင်အားစုများနှင့် ဦးသိန်းစိန်အစိုးရအကြား စတင်နိုင်ရန်အတွက် အောက်ပါကချင်အမျိုးသား အဖွဲ့အစည်း များမှ တောင်းဆိုလိုက်သည်။

အပစ်အခတ်ရပ်စဲရေးနှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေး ကြိုးပမ်းမှုဖြစ်စဉ်တွင် အောက်ပါအချက်များကို ဆောင်ရွက်ရန် တောင်းဆို အပ်ပါသည်။

**မြန်မာပြည်သူပြည်သားများသို့**

- ရေရှည်တည်တံ့ခိုင်မြဲသော စစ်မှန်သည့်ငြိမ်းချမ်းရေး ဖော်ဆောင်နိုင်ရေးအတွက် မြန်မာနိုင်ငံသားအားလုံး တတ်စွမ်းသမျှ မိမိတို့နှင့်အတူ ပူးပေါင်းပါဝင်ရန်။ ထို့အပြင် တိုင်းရင်းသားလူမျိုးများ၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် ကြိုးပမ်းမှု အပေါ် အစိုးရသတင်းမီဒီယာများမှ မှားယွင်းသည့် သတင်းတင်ပြမှုများကို ခွဲခြားသိမြင်ပြီး တိုင်းရင်းသားပဋိပက္ခ၏ အရင်းအမြစ်များကို မိမိတို့အားလုံး သိရှိနားလည်လာရေး ကြိုးပမ်းရန် တိုက်တွန်းအပ်ပါသည်။
- လူထုအခြေပြုအဖွဲ့အစည်းများနှင့် တက်ကြွလှုပ်ရှားသူများသည် မြန်မာနိုင်ငံတဝှမ်း ငြိမ်းချမ်းရေးလှုပ်ရှားမှုကမ်ပိန်းများကို စုပေါင်းလုပ်ဆောင်ပြီး အပစ်အခတ်ရပ်စဲရေးစောင့်ကြည့်လေ့လာခြင်း လုပ်ငန်းစဉ်များအတွက် စနစ်တကျ ကြိုတင်ပြင်ဆင် မှုများ ပြုလုပ်ရန်။
- သတင်းမီဒီယာများမှလည်း အပစ်အခတ်ရပ်စဲရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများ၊ တိုင်းရင်းသားလူမျိုးများ၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် ကြိုးပမ်းမှုများနှင့်ပတ်သက်၍ တိကျမှန်ကန်သော သတင်းတင်ပြမှုများ ပြုလုပ်ရန်။

**သမ္မတဦးသိန်းစိန်အစိုးရသို့**

- နှစ်ဦးနှစ်ဘက်၏ အကျိုးစီးပွားအတွက်သာမက ပြည်သူလူထုတစ်ရပ်လုံး၏ ရေရှည်အကျိုးစီးပွားကို ကာကွယ်ပေးနိုင်မည့် တိကျခိုင်မာသော သဘောတူညီချက်များ ချမှတ်ထားရှိရန်။
- စေ့စပ်ညှိနှိုင်းမှုများတွင် လွတ်လပ်သည့်နိုင်ငံတကာစောင့်ကြည့်သူများကို သက်သေအဖြစ် ပါဝင်ခွင့်ပြုရန်။

- မည်သည့်အနာဂတ် အပစ်ရပ်သဘောတူညီချက်ကိုမဆို နှစ်ဦးနှစ်ဘက်မှ လိုက်နာခြင်းရှိမရှိကို လူထုအခြေပြုအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အခြားဒေသခံအဖွဲ့အစည်းများမှ စောင့်ကြည့်လေ့လာခွင့်ပြုရန်။
- နိုင်ငံတကာလူသားချင်းစာနာထောက်ထားသော အဖွဲ့အစည်းများနှင့် ဒေသခံအဖွဲ့အစည်းများမှ စစ်ပဋိပက္ခကြောင့် ရွှေ့ပြောင်းနေရသော ပြည်သူများအတွက် အရေးပေါ်အကူအညီအစီအစဉ်များ ထောက်ပံ့ရေး ခွင့်ပြုရန်။
- ပြည်တွင်းစစ်ဖြစ်ပွားရခြင်း၏ အရင်းအမြစ်ပြဿနာများဖြစ်သည့် အမျိုးသားတန်းတူရေးနှင့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ရေးတို့ကို နိုင်ငံရေးအရတွေ့ဆုံဆွေးနွေးခြင်းဖြင့် အဖြေရှာရန်။
- အစိုးရသတင်းမီဒီယာများမှ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ဈေ့စပ်ညှိနှိုင်းမှုများ၊ တိုင်းရင်းသားလူမျိုးများ၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ကြိုးပမ်းမှုနှင့်ပတ်သက်၍ မမှန်မကန် သတင်းအချက်အလက်ထုတ်ပြန်နေမှုများကို ရပ်တန့်ရန်။

**ကချင်လွတ်မြောက်ရေးအဖွဲ့ နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်သို့**

- ကချင်ပြည်သူလူထု၏ အမျိုးသားတန်းတူရေး၊ လုံခြုံရေး နှင့် လူ့အခွင့်အရေးတို့ကို အာမခံသော နိုင်ငံရေးအဖြေရရှိရေးအတွက် ဈေ့စပ်ညှိနှိုင်းရေးကာလအတွင်း ဆွေးနွေးမှုများပြုလုပ်ရာတွင် တိကျသော အချက်အလက်များ ကြိုတင်ပြင်ဆင်ထားရန်။
- အတိတ်မှ အပစ်ရပ်သဘောတူညီမှုများ၏ သင်္ခန်းစာကိုယူကာ ဦးသိန်းစိန်အစိုးရနှင့်ပြုလုပ်မည့် မည်သည့်အနာဂတ်သဘောတူညီချက်တွင်မဆို သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှုအပါအဝင် ကချင်လူထု၏ အကျိုးစီးပွားကို ကာကွယ်ပေးသည့်အချက်များ ထည့်သွင်းရန်။
- မည်သည့်အနာဂတ် အပစ်ရပ်သဘောတူညီချက်ကိုမဆို နှစ်ဦးနှစ်ဘက်မှ လိုက်နာခြင်းရှိမရှိကို လူထုအခြေပြု အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အခြားဒေသခံအဖွဲ့အစည်းများမှ စောင့်ကြည့်လေ့လာခွင့်ပြုရန်။
- စစ်ပဋိပက္ခကြောင့် ရွှေ့ပြောင်းနေထိုင်ရသော ပြည်သူလူထုများ ပြည်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးအစီအစဉ်များအတွက် နိုင်ငံတကာမှ လူသားချင်းစာနာထောက်ထားသော အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်ရန်။

**ကုလသမဂ္ဂနှင့်နိုင်ငံတကာမိသားစုသို့**

ကုလသမဂ္ဂနှင့် နိုင်ငံတကာမိသားစုအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဈေ့စပ်ဆောင်ရွက်မှုတွင် အောက်ပါအတိုင်း အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ပေးရန်။

- အပစ်အခတ်ရပ်စဲရေး ဈေ့စပ်ညှိနှိုင်းမှုများတွင် ကြားဝင်ဈေ့စပ်ဆောင်ရွက်ပေးရန်။
- မည်သည့်အနာဂတ် အပစ်ရပ်သဘောတူညီချက်ကိုမဆို နှစ်ဦးနှစ်ဘက်မှ လိုက်နာစောင့်ထိန်းမှုရှိမရှိ စောင့်ကြည့်လေ့လာရေးယန္တယားများ ထားရှိရေးအတွက် တိုက်တွန်းရန်။
- ဒေသခံလူထု လူ့အခွင့်အရေးချိုးဖောက်ခံနေရမှုများကို စုံစမ်းစစ်ဆေးနိုင်ရန်အတွက် ကုလသမဂ္ဂမှ စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ် ဖွဲ့စည်းရန် နှင့် မြန်မာနိုင်ငံတွင် တရားမျှတမှုဖော်ဆောင်နိုင်ရေး နှင့် အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွှတ်ခွင့်ရပ်တန့်ရေးအတွက် လိုအပ်သော ယန္တယားများ ဖွဲ့စည်းထားရှိရေးကို တိုက်တွန်းရန်။
- ပဋိပက္ခဒေသတွင်းရှိ ပြည်သူလူထုအတွက် လူသားချင်းစာနာထောက်ထားသော အရေးပေါ်အကူအညီများ ပို့ဆောင်ခွင့်ပြုရေး တိုက်တွန်းရန်။
- စစ်ပဋိပက္ခကြောင့် ရွှေ့ပြောင်းနေရသော ပြည်သူများအတွက် ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် လူထုအခြေပြုအဖွဲ့အစည်းများနှင့် ပံ့ပိုးပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန်။

**ကချင်အမျိုးသားအဖွဲ့အစည်းများ**

- All Kachin Students and Youth Union (AKSYU)
- BRIDGE
- Kachin Centre
- Kachin Development Networking Group
- Kachin Environmental Organization
- Kachin National Organization
- Kachin Women's Association – Thailand
- Kachin News Group
- Life Vision Foundation
- Pan Kachin Development Society

ဆက်သွယ်ရန်
ကိုနော်ဆန်း
အထွေထွေအတွင်းရေးမှူး
ကချင်တမျိုးသားလုံးဆိုင်ရာ ကျောင်းသားလူငယ်များသမဂ္ဂ
*+66 (0) 84 811 9594 (သို့) aksyumaesot@gmail.com*

လဖိုင်နော်ဒင်း
အယ်ဒီတာ
ကချင်သတင်းဌာန
*+66 (0) 89 431 3200 (သို့) editor@kachinnews.com*